# ရခိုင်မင်းသမီးချောင်း

## အဒူမင်းညို

## ဟံသာဝတီ

ရခိုင်ပြည် ဘာစောဖြူမင်းလက်ထက်
ပညာရှိအမတ်ကြီးဖြစ်သော
အဒူမင်းညို
ပွဲ့ဆိုသီကုံးရေးသားသည့်

# ရခိုင်မင်းသမီး ချောင်း

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၂၇ – ခု (သာသနာ – ၂၅၀၉) ၁၉၆၅ – ခု

# ရခိုင်မင်းသမီးချောင်း

ပုံနှိပ်ခြင်း
၁၉၆၅–ခု၊ နိုဝင်ဘာလ

Made and Printed in the Uni0on of Burma
by the Hanthawaddy Press. Rangoon.

ရန်ကုန်မြို့၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီပုံနှိပ်တိုက်အတွက် (မှတ်ပုံတင်အမှတ် ၀၀၀၃–၀၀၀၄)ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| * | နိဒါန်း | | | ၇ |
| ၁။ | ဧ...၊ လျောက် ပျံပျူး | ချီ–ပိုဒ် | .... | ၁၃ |
| ၂။ | ဧ...၊ ပေမ် ရေရွတ် | ချီ–ပိုဒ် | .... | ၁၄ |
| ၃။ | ဧ...၊ တေည့် ယင်ယင် | ချီ–ပိုဒ် | .... | ၁၅ |
| ၄။ | ဧ...၊ ပေမ် နှစ်သိမ့် | ချီ–ပိုဒ် | .... | ၁၆ |
| ၅။ | ဧ...၊ လျောက် သံပြိုင် | ချီ–ပိုဒ် | .... | ၁၇ |
| ၆။ | ဧ...၊ လျောက် ဘော်လှစ် | ချီ–ပိုဒ် | .... | ၁၈ |
| ၇။ | ဧ...၊ တော့် ကာကာ | ချီ–ပိုဒ် | .... | ၁၉ |
| ၈။ | ဧ...၊ လျောက် ကျစ်လျစ် | ချီ–ပိုဒ် | .... | ၂၀ |
| ၉။ | ဧ...၊ ဧေ ရင့်ရှူ | ချီ–ပိုဒ် | .... | ၂၁ |
| ၁၀။ | ဧ...၊ တော့် ချီချ | ချီ–ပိုဒ် | .... | ၂၂ |
| ၁၁။ | ဧ...၊ ဧေ သာဖျား | ချီ–ပိုဒ် | .... | ၂၃ |
| ၁၂။ | ဧ...၊ ဧေ တုံဘိ | ချီ–ပိုဒ် | .... | ၂၄ |
| ၁၃။ | ဧ...၊ လျောက် သာနွဲ့ | ချီ–ပိုဒ် | .... | ၂၅ |
| ၁၄။ | ဧ...၊ လျောက် စီရုံး | ချီ–ပိုဒ် | .... | ၂၆ |
| ၁၅။ | ဧ...၊ ဧေ ခုခု | ချီ–ပိုဒ် | .... | ၂၇ |
| ၁၆။ | ဧ...၊ သေည် တချက် | ချီ–ပိုဒ် | .... | ၂၈ |
| ၁၇။ | ဧ...၊ ဧေ သံကြား | ချီ–ပိုဒ် | .... | ၂၉ |
| ၁၈။ | ဧ...၊ ဧေ သာနိုး | ချီ–ပိုဒ် | .... | ၃၀ |
| ၁၉။ | ဧ...၊ တော့် မယ်မိ | ချီ–ပိုဒ် | .... | ၃၁ |
| ၂၀။ | ဧ...၊ ဧေ ပျပျ | ချီ–ပိုဒ် | .... | ၃၂ |
| ၂၁။ | ဧ...၊ ပေမ် ချီချ | ချီ–ပိုဒ် | .... | ၃၃ |
| ၂၂။ | ဧ...၊ ပေမ် တခြင်း | ချီ–ပိုဒ် | .... | ၃၄ |
| ၂၃။ | ဧ...၊ ပေမ် သံချေ | ချီ–ပိုဒ် | .... | ၃၅ |
| ၂၄။ | ဧ...၊ ပေမ် ပြတ်ပြတ် | ချီ–ပိုဒ် | .... | ၃၆ |
| ၂၅။ | ဧ...၊ ပေမ် စည့်ကွင်း | ချီ–ပိုဒ် | .... | ၃၇ |
| ၂၆။ | ဧ...၊ ပေမ် သံခြေ | ချီ–ပိုဒ် | .... | ၃၈ |
| ၂၇။ | ဧ...၊ ပေမ် သာခွန်း | ချီ–ပိုဒ် | .... | ၃၉ |
| ၂၈။ | ဧ...၊ ကော ရင့်ဖျော် | ချီ–ပိုဒ် | .... | ၄၀ |
| ၂၉။ | ဧ...၊ လေည်း တော့် | ချီ–ပိုဒ် | .... | ၄၁ |
| ၃၀။ | ဧ...၊ လျောက် မပြတ် | ချီ–ပိုဒ် | .... | ၄၂ |
| ၃၁။ | ဧ...၊ တော့် တခြင်း | ချီ–ပိုဒ် | .... | ၄၃ |
| ၃၂။ | ဧ...၊ ကော ကျူးပိမ့် | ချီ–ပိုဒ် | .... | ၄၄ |
| ၃၃။ | ဧ...၊ ကော သံချို | ချီ–ပိုဒ် | .... | ၄၅ |
| ၃၄။ | ဧ...၊ လျောက် ရင့်ရှူ | ချီ–ပိုဒ် | .... | ၄၆ |

## နိဒါန်း
## ချောင်းဝေါဟာရ

(က) လေ့သင်းအတွင်းဝန် ဦးချိန်က“အတ္တာပွတ္တိ က္ကယေတိဇာနေတီးတိချောင်း။ ။ အတ္တာပွတ္တိ၊ ရှေ့နောက်ဖြစ်လတ် အတ္တာပွတ်ကို၊ က္ကယေတိဇာနေတိ၊ သိစေတတ်၏။ က္ကတိတသွာ၊ ထို့ကြောင့်။ ချောင်း၊ ချောင်းမည်သည်”ဟု ဝေါဟာရလီနတ္တ ဒီပနီကျမ်းတွင် ဝိဂြိုဟ်ကျင်းခဲ့သည်။

(ခ) ဆရာလွန်းက “ချောင်းဆိုသည်ကား မင်းမိဖုရားတို့၏ သားတော်သမီးတော်တို့ကို ဘွားမြင်တော်မူသောအခါ ဘေးလောင်းတော်, ဘိုးလောင်းတော်, ခမည်းတော်သည် ဘုန်းသမ္ဘာ ကြီးရင့်တော်မူသည်နှင့် ထပ်တူထပ်မျှ အရှင်သည် လည်း ဘုန်းတော်သမ္ဘာမင်္ဂလာရှိတော်မူလိမ့်မည့်အကြောင်း၊ နောက်နှောင်းအစူအစဉ် ရာဇဝင်အကြောင်း ချင်းတသနစ် သနာကို သာယာချောင်စွာ ”ကောရန္တ”ဖြင့် အဆုံးချလျက် စာဆိုပညာရှိတို့ ဖွဲ့နွဲ့စီကုံး၍ ကျူးရင့်သီဆိုသော ကဗျာအစပ်မျိုး ဖြစ်လေသည်။ လိုရင်းအဓိပ္ပါယ်မှာ ကောရန္တဖြင့် အဆုံးသတ်သော ရာဇဝင်သီချင်းကိုပင် ဆိုလိုသည်၊ ၎င်းချောင်းကို နားတော်သွင်းဟုလည်း ခေါ်ဝေါ်ကြသေးသည်”ဟု ဆိုပြီးလဆင် ဦးချိန်၏စကားကို “လောကီသဒ္ဒါရေးရာ ပညာတိုးပွား စကားပြောရရုံသာဖြစ်၍ နက်နက်နဲနဲ စွဲမြဲလေးမြတ် မှတ်လောက်သော အချက်ကြီးတစ်ရပ်မဟုတ်”ဟူ၍ ကဗျာသာရတ္ထ သင်္ဂြိုဟ်ကျမ်းတွင် ရေးထားပေသည်။

## နိဒါန်း

(ဂ) ပုဂံဝန်ထောက် ဦးတင်က“ချောင်းဆိုသည်မှာ မြန်မာဘာသာဖြစ်သည်။ ချမ်းသာယာစွာ အကြောင်းချင်းတကို ဖွဲ့ဆိုသော ကဗျာကို ဆိုလိုသည်။ ချောင်းစပ်ဆိုလေ့ရှိသည့် အရင်းအမြစ်မှာ ဧကရာဇ်, ပဒေသရာဇ် စသောဘုရင်မင်းမြတ်တို့၏ သားတော်, သမီးတော်, မြေးတော်များကို ဖြေဖျော်ရာ ဖြေဖျော်ကြောင်း ဖြစ်စေရန် နွယ်တော်စဉ်ရင်းမြစ်ကြောင်းရာ စဉ်လာထွန်းပခဲ့သော ဂုဏ်များကိုသော်၎င်း၊ ဖြေဖျော်ခံသူနှင့် ရသင့်ရထိုက်သမျှသော ဂုဏ်များကိုသော်၎င်း၊ တင့်တယ်မြင့်မြတ်သည့်အကြောင်း ကောင်းစွာချီးမြှောက်စပ်ဆိုသီကုံးလေ့ရှိသည်”ဟူ၍ ကဗျာသာရတ္ထသင်္ဂြိုဟ်ကျမ်းထက် လေးနှစ်နောက်ကျပေါ်ထွက်သော ကဗျာဗန္ဓသာရကျမ်းတွင် ဆိုထားပေသည်။

(ဃ) ပြည်ထဲရေးဝန်ကြီး ဦးမေအောင်က “ယေင်ကျူးသော သီချင်းဖြစ်၍ ယေင်ချင်း၊ သို့မဟုတ် ချောင်းဟူ၍ ရှေးလူဟောင်းတို့ ခေါ်ဝေါ်ကြသည်ဟု တွေးထင်ဘွယ်ရာ ဖြစ်ပေမည်”ဟူ၍ “ချောင်းဟောင်း ၁၂စောင်တွဲ”တွင် ထင်မြင်ချက် ပေးထားပေသည်။

(င) ပုပ္ပါး ဦးကျော်ရင်က “ချမ်းသာယာစွာ ဘွဲ့စီရွတ်ဘတ်ရသော အကြောင်းခြင်းရာတို့ကို ရေးသားစီကုံးသော သီချင်းဖြစ်သောကြောင့်“ချောင်း”ဟု ခေါ်သည်”ဟူ၍ ကဝိဘာရတီကျမ်းတွင် ဆိုထားပေသည်။

(စ) အဂ္ဂမဟာပဏ္ဍိတ ဦးလင်းကမူ “စိတ်ဧမြကြည်နူးစေရန် ဆိုရသော သီချင်းကလေးကို ခမ်းနားစွာချော့၍သိပ်ခြင်းပင် ဖြစ်သည်။ ကလေးအိပ်ဘို့ရာ အကြောင်းခံ စိတ်ဧမြစေရန် ‘ဧ’အသံဖြင့် စ၍ ‘ဧ’အသံဖြင့် အဆုံး သတ်ထားသည်။ ရှေးကျသော ချောင်းများတွင် ‘ဧ’အက္ခရာခံ ‘ဧ’သံဖြင့် စ၍ ‘ဧ’အက္ခရာခံ ‘ဧ’သံဖြင့် ဆုံးရိုးဖြစ်သည်။ နောက်ပေါ်ချောင်းများတွင်သာ ‘ဧ’အက္ခရာခံ‘ဧ’သံဖြင့် မစမူဘဲ စလိုရာအက္ခရာ စလိုရာအသံဖြင့် စ၍ အဆုံး၌သာ ‘ဧ’ကာရန် ‘ဧ’သံပေါက်သော ဝေါဟာရဖြင့် ချတော့သည်။ ‘ဧ’သံသည် ကလေးအိပ်ဘို့ရာ အကြောင်းခံ စိတ်ဧမြရန်ဖြစ်ကြောင်းမှာ အရပ်သူအရပ်သားများ ကလေးချော့ရာတွင် ကလေးချော့ ရိုးရာသီချင်းမရသူပင် “ဧ-ဧ”ဟုဆိုကြပြီး ကလေးချော့ ရိုးရာသီချင်း ရသူမျာကမူ **“လူကလေးရဲ့ မျက်တောင်၊ မေးယောင်ယောင်၊ ။ မျက်တောင်ကွဲ့ ပေမေ့၊ အိပ်ပါတော့လေး”**ဟု ‘ဧ’ကာရန် သက်-လေးဟူသော စကားပါဝင်သည့် သီချင်းဖြင့် ကလေးသိပ်ကြောင်း ထောက်ထားသိရာသည်”ဟု မိန့်မှာခဲ့ပေသည်။

### အချုပ်ဆိုရသော်

(က) ချောင်းဟူသည် အတ္ထုပ္ပတ္တိ။
(ခ) ချောင်းဟူသည် ကောရန္တဖြင့် အဆုံးသတ်သော ရာဇဝင်သီချင်း။
(ဂ) ချောင်းဟူသည် ချမ်းသာယာစွာ အကြောင်းချင်းတကို ဖွဲ့ဆိုသောကဗျာ။
(ဃ) ချောင်းဟူသည် ယေင်ကျူး သီချင်း၊
(င) ချောင်းဟူသည် ချမ်းသာယာစွာ ဘွဲ့စီရွတ်ဘတ်ရသော အကြောင်းခြင်းရာသီချင်း။
(စ) ချောင်းဟူသည် ကလေးသိပ် သီချင်းဟူ၍ ရပေသည်။

အဆိုခြောက်ရပ်လုံး၏ သဘောအသီးသီးကို တွက်ဆသော် အကြမ်းသဘောမှာ မမှားချေ။

### ချောင်းဟောင်း ဆဲ့နှစ်စောင်

| | | | | |
|---|---|---|---|---|
| ၁။ | သခင်ထွေး | ချောင်း | သက္ကရာဇ် | ၈၃၈ |
| ၂။ | မင်းတရားရွှေထီး | ချောင်း | ။ | ၈၇၀ |
| ၃။ | မင်းတရားရွှေထီ | နားတော်သွင်း | ။ | ၈၉၂ |
| ၄။ | သခင်ကြီးချောင်း | ။ | ။ | ၉၃၆ |
| ၅။ | မင်းတရားမယ်တော် | ။ | ။ | ၉၁၅ |
| ၆။ | ယိုးဒယားမိဖုရား | ။ | ။ | ၉၄၀ |
| ၇။ | နတ်သျှင်မယ် | ။ | ။ | ၉၁၈ |
| ၈။ | ဥပရာဇာ | ။ | ။ | ၉၂၂ |
| ။ | မင်းရဲကျော်စွာစုန် | ။ | ။ | ၉၃၁ |

| | | | | |
|---|---|---|---|---|
| ၁၀။ | မင်းရဲနရာ | ။ | ။ | ၉၆၇ |
| ၁၁။ | မင်းရဲဒိဗ္ဗ | ။ | ။ | ၉၇၇ |
| ၁၂။ | မင်းရဲသိခ်သူ | ။ | ။ | ၁၀၁၈ |

သို့သော် ရခိုင်မင်းသမီးချောင်းသည် သခင်ထွေးချမ်းထက်စောသောကြောင့် အဟောင်းဆုံး ချောင်းဖြစ်၍ ချောင်းဟောင်း ၁၂ စောင်၌ ထည့်သွင်းလိုက်ပါလျှင် မင်းရဲဒိဗ္ဗချောင်းကို ချောင်းဟောင်းများတွင် နောက်ဆုံးချောင်းအဖြစ် သတ်မှတ်ရပေသည်။

## အဒူမင်းညို

သက္ကရာဇ် ၈၁၇-ခုနှစ်တွင် ရခိုင်ပြည် ယခုမြို့ဟောင်းခေါ်သော ရှေးအခေါ် မြောက်ဦးမြို့၌ နန်းတက်သော ဘစောဖြူမင်းလက်ထက် အဒူမင်းညိုသည် အမတ်ကြီးအဖြစ် ချီးမြှင့်ခြင်းခံရသူဖြစ်သည်။ အဒူမင်းညိုသည် ဘစောဖြူ၏ သမီးတော်အတွက် ချောင်းစပ်ဆိုခဲ့သည်။ မြန်မာစာပေသမိုင်းတွင် ထိုချောင်းကို ရခိုင်မင်းသမီးချောင်းဟု ခေါ်သည်။ အဒူမင်းညို၏ ဇာတိဘဝဖြစ်စဉ်တို့ကို သုတေသနပြုစရာ ရှိပါသည်။ ယခုအချိန်အထိ အဒူမင်းညို၏အတ္ထုပ္ပတ္တိကို စုံစုံလင်လင် ရှာဖွေမတွေ့ရှိသေးပါ။ အဒူမင်းညိုဟူသည် အဗ္ဗဒူမင်းညိုဟူသော ဘွဲ့ဖြစ်ကြောင်းသာ သိရှိရပါသည်။

## ပုံနှိပ်ခြင်းအကြောင်း

ရှေးဟောင်းစာပေများသည် နှောင်းခေတ်လူတို့ သုတေသနပြုကြရာ၌ အလွန်အသုံးဝင်လှသဖြင့် တိုင်းပြည် တိုင်း တိုင်းပြည်တိုင်းမှာပင် တရိုတသေ သိမ်းဆည်းကြပြီး ပိဋကတ်တိုက်များတွင် အမြတ်တနိုး သိုမှီးထားကြရပေသည်။ အချို့စာပေများသည် အချိန်ကာလ အလွန်ကြာငြောင်းသောအခါ တိမ်ကောပျောက်ပျက် သွားကြသဖြင့် အလွန်အဘိုး တန်သော မှတ်တမ်းကြီးများ ပျောက်ဆုံးသွားရသည်ဆိုက မှားမည်မဟုတ်ပေ။

မှတ်တမ်းကြီးသဘွယ်ဖြစ်သော ရှေးဟောင်းစာပေများကို မပျောက်ပျက်အောင် ထိမ်းသိမ်းစောင့်ရှောက် ထားကြရမည့် တာဝန်မှာ သက်ဆိုင်ရာ လူမျိုးတိုင်း၏ တာဝန်ဖြစ်သည်။ အထူးသဖြင့် ယဉ်ကျေးမှုအနုပညာစာပေကို လိုက်စားသူများ, ဆိုင်ရာပိဋကတိုက်များနှင့် စာအုပ်ထုတ်လုပ်သည့် ပုံနှိပ်တိုက်များ၏ တာဝန်ကြီးတစ်ရပ်ဖြစ်ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ဟံသာဝတီသည် ရှေးဟောင်းစာပေများကို တတ်နိုင်သမျှ အဖက်ဖက်မှ ကြိုးစားရှာဖွေစုဆောင်း ကာ တကျမ်းပြီးတစ်ကျမ်း, တစ်အုပ်ပြီးတစ်အုပ် ပုံနှိပ်ထုတ်ဝေလျက်ရှိကြောင်း အများအသိပင် ဖြစ်ပါသည်။

အဒူမင်းညို ဤရခိုင်မင်းသမီးချောင်းမှာ ရှာဖွေမရနိုင်လောက်အောင် ပျောက်လုဆဲဆဲ ရှိနေသဖြင့် ဤရခိုင် မင်းသမီး ချောင်းစာမူများသည် တမူနှင့်တမူ မတူကွဲပြားခြားနားချက်များစွာ တွေ့ရပါသည်။ သို့ဖြစ်၍ စာကိုယ်အောက် တွင် မူကွဲများကို ဘော်ပြထားရာ-

နိုင်ငံတော်ပိဋကတိုက်မှ ပထမပေမူကို (ပ)၊ ဒုတိယပေမူကို (င)၊ ပုဂံဝန်ထောက်မင်း၏ လက်ရေးမူကို(လ)၊ ဦးမေအောင်မူကို(မ)ဟူ၍ မှတ်ယူစေလိုပါသည်။

ဤချောင်းကို ပုံနှိပ်ထုတ်ဝေရာ၌ ဆရာဦးခင်စိုး(သာသနဓဇသီရိပဝရဓမ္မာစရိယ)နှင့် ဆရာဦးသိန်းဟန်(၁), ဦးတင်နွယ်, ဦးဟန်ထွန်း, ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန်(၂) ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာတည်းပြတ် ကြပ်မသုတ်သင် ပြင်ဆင်ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

**ဟံသာဝတီ**

# ရခိုင်မင်းသမီးချောင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အပိုဒ်(၁)

ဧ. . .၊ ဧလျှက်ပျံ့ပျူး၊ ရိုက်ကာကျူးပိမ့်၊ ပေါ်ဦးကမ္ဘာ၊ ကြာငါးပွင့်လိုက်၊ ရောင်မြိုက်ဉာဏ်ဖြူ ငါးဆူရှင်နည်း၊ ပွင့်မည်ချည်းတွင်၊ မိတည်းမရောက်၊ လေးပါးနောက်ဝယ်၊ ငါးထောက်ထောင်တာ၊ သာသနာတွင်း၊ ငါးစင်းအမြတ်၊ နဝတတ်ရေကျ[၁]၊ ငါးရာရသား၊ ကစ္ဆပနဒီ ဤသည်ညာမွန်၊ ယဉ်ထန်တတက်[၂]၊ ပင်လယ်ထွက်မှ၊ နှစ်ဘက်ကမ်းပြို[၃]။ ဖြားရေမိဝယ်၊ ရှေ့ဆီပြုဗ္ဗာ၊ အာကာမှီခိုင်း၊ တောင်ပြိုင်းပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှေနန်း၊ တည်လတ်ထွန်းသည်၊ ။ ဤကျွန်းဇမ္ဗူထူးတည့်လေ။ ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ကျော်သည်တဆူ၊ ဇမ္ဗူဒီပ၊ ကျွန်းလုံးခသည်၊ မင်းတရာ့တည့်သွေး၊ မှောက်တော်ထွေး။ **လေည်းယင်ယင်ဧ၊**

---

၁။ နဝက်ရေကျ-ပ ၂။ ယဉ်ထန်တဘက်-မ

၃။ နှစ်တက်ကမ်းပြို-လ

*** *** *** *** ***

## အပိုဒ်(၂)

ဧ. . .၊ ဧပိမ့် ရေရွှတ်၊ နဝရတ်တည့်၊ စီခက်ကိုးမွှာ၊ ဝင်းဝင်းဝါမျှ၊ ရတနာရောင်၊ ပြောင်သည် ရှူးရှူး၊ မြောက်ဦးလယ်ချက်၊ ရွှေနန်းထက်ဝယ်၊ ဘုန်းဆက်စဉ်ဖြစ်၊ ဧကရာဇ်တကာ၊ မင်းပမာတည့်၊ အာဏာလက်ရုံး၊ တန်ခိုးပြုံးက၊ ပတ်ကုံးထန်သည်း၊ လက်ငင်းယခု၊ ပြုသည်ကမ္ဘ၊ ရှေးပုညကြောင့်၊ ဤမျှတည်းသာ၊ မဟူစွာတည့်[၁]၊ မဟာသမတ်၊ နွယ်မပြတ်လျှင်၊ အထွတ်ထိပ်မိုး၊ ပြည့်ပြည်စိုးသည်။ ။ မျိုးလည်းလွန်မြတ် ထူးတည့်လေ။ ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ပေါ်သည်ကမ္ဘာ၊ မဟာသမတ်၊ မင်းများနတ်၏၊ မပြတ်တည့်ဆက်ရှေးသားသားမြေး၊ ။ **လေည်းယင်ယင်ဧ၊**

---

**၁၊ မဟုတ်စွာတည့်-ပ**

*** *** *** *** ***

## အပိုဒ်(၃)

ဧ. . .၊ ဧတည့် ယင်ယင် ဧသံလွင်နှင့်၊ ဘွားရှင်တော်ရင်း၊ မြေးမယ်မင်းကို[၁]၊ သံညှင်းနှစ်သိမ့်၊ အိပ်ပျော်စိမ့်ဟု၊ သံဆိမ့်ကျူးဧ၊ ကရဝိတ်ကြွေးသို့၊ သံလေးတမျှ၊ သံမြတမွန်း၊ သံချိုခွန်းဖြင့်၊ ရွှေနန်းဘုံဝှဲ[၂]၊ ဥကင်ထဲဝယ်၊ တသဲသောင်းသောင်း၊ ထိန်းယပေါင်းနှင့်၊ အကြောင်းအရင်း၊ အခြင်းအတ၊ ဟူသမျှကို၊ ချီချပြဖော်၊ စိုက်စိုက်ခေါ်သည်၊ မယ်တော်မိခင် ကျူးတည့်လေ။ ။ ကျူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ မယ်ေ တာ်ရှင်ရင်း၊ ကျူးခြင်းသံညောင်း၊ နားသာ တောင်းစွ၊ ရှစ်သောင်းတည့်ရင်သွေး၊ နာပျော်သေးသ[၃]။ ။ **လေည်းယင်ယင်ဧ၊**

---

**၁၊ မြေးငယ်မင်းကို-ပ ၂၊ ရွှေနန်းဘုံမြဲ-ပ ၃၊ နာပျော်ဆေး-င**

*** *** *** *** ***

## အပိုဒ်(၄)

ဧ. . .၊ ဧပိမ့် နှစ်သိမ့်၊ အငြိမ့်အချမ်း၊ သူငယ်ဝမ်းဖြင့်၊ မြည်တမ်းပူဆာ၊ နိုးနာမရှိ၊ စက်ပျော်ဘိမျှ၊ သိန်းထိဘိုးခက်၊ ညှံ့သက်ပင်ချည်၊ လျှားနံရှုည်နှင့်၊ နောက်ပြည်မင်းတို့၊ ခွန်ဆက်ပို့သား၊ နှစ်လို့ချင်စွာ၊ ခါသာသလင်း အောက်နှီးခင်းလျက်၊ ပေါ်တင်းကြက်မွန်၊ ဗိတာန်ဆောင်ထား[၁]၊ ကိုးပါးရတနာ၊ စီမွှာချယ်ယှက်၊ ရွှေပုခက်ဝယ်၊ ရွှေရွက်လူလူ၊ ရွှေခြူသွင်သွင်၊ လက်ငင်တိုင်ငုတ်၊ မျှင်မျှင်ထုတ်၍၊ တမုတ်ကြိုးကိုင်[၂]၊ နှစ်ဘက်ဆိုင်သည်။ ။ ဧတိုင်ရိုက်ပျံ့ပျူးတည့်လေ။

။ပျူးတည့်မှောက်တော်[၅]၊ ဟုတ်တည့်ဩော်၊ ရွှေလှော်ရောင်ချက်၊ ရွှေပုခက်ဝယ်၊ နှစ်ဘက်သံနွဲ[၅]၊ တသဲသဲလျှင်၊ လွဲသည်တည့်သာလေး၊ ရိုက်ကာထွေး။ ။ **လေည်း ယင်ယင်ဧ၊**

---

၁။ ပိတန်အောက်ထား-လ။ အုပ်မိုး၊ ပ ၂။ တမုတ်ကြိုးဆိုင်-လ ၃။ ပျံ့ပျူးမှောက်တော်-မ

၄။ နှစ်ဘက်သံခွဲ-ပ

နှစ်သက်သံနွဲ-လ

*** *** *** *** ***

## အပိုဒ်(၅)

**ဧ. . . ၊ လျောက် သံပြိုင်။** ရင့်ကာဆိုင်ပိမ့်၊ ဇတိုင်ကျူးရိုက်[၁]၊ စည်းစုတ်လိုက်၍[၂]၊ သံမြိုက်သံကောင်း၊ သံညောင်း သံညင်း၊ သံညှင်းသံပြီ၊ သံချီသံအုပ်[၃]၊ မျှင်မျှင်ချုပ်လျက်[၄]၊ လက်ခုပ်တဖြောက်၊ ဇထောက်ဇခံ[၅]၊ ပြွမ်းပြွမ်းရံလျက်၊ ကျံကျံ ရင့်သွယ်[၆]၊ မယ်တော်မယ်ကို၊ နာဘွယ်နှစ်သိမ့်၊ နှလုံးငြိမ့်မျှ[၇]၊ သံဆိမ့်သံဧ၊ ကရဝိတ်ကြွေးသို့၊ ခြင်သေးဆီကျော်၊ ရိုက်ကာဖော်သည်။ ။ နားတော်ရွှေခွက် ဖျူးတည့်လေ။ ။ ဖျူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ နာ်းတော်ရွှေဖျူး၊ ချစ်ဝမ်းနူးမျှ၊ ကျူးကာရင့်ခေါ်၊ သားကိုဖျော်သည်၊ နားတော်တည့်ငြိမ့်လေး၊ အိပ်ပျော်ဆေး။ ။ **လေည်း ယင်ယင်ဧ၊**

---

**၁၊ အတိုင်းကြူးရိုက်-ပ** **၂၊ သည်ဆုတ်လိုက်၍-င** **၃၊ သံရီသံအုပ်-င**

**၄၊ လမှု၌မပါ** **စည်ဆုတ်လိုက်၍-လ** **၅၊ အဲထောက်အဲခံ-ပ၊ င၊ လ**

**၆၊ ကျံကျံရင့်တွယ်-င၊ လ** **၇၊ နန်းလုံးငြိမ့်မျှ-မ၊ ပ၊ င၊**

*** *** *** *** ***

## အပိုဒ်(၆)

**ဧ. . . ၊ လျောက် ဘော်လှစ်[၁]။** ။ အမြစ်အရင်း၊ မျိုးတကွင်းကို[၂]၊ လွဲချင်းသာယာ၊ ကျူးသံဝါဖြင့်၊ လွယ်ကာ သဘော၊ မိခင်ပြောပိမ့်၊ ဘေးစောသကျ၊ အဇ္ဈနလျှင်၊ ကပိလဟု၊ ပြည်မခွာရှောင်၊ မြိုင်ချောင် တောတွင်း၊ သီတင်းသုံးရာ၊ ကြမ္မာလေခတ်၊ (ဈာန်လွတ်လျှော၍၊ ရသေ့မျိုးပွား၊ ဆတ်မသားဟု[၃]၊ မာရယုလျှင်၊ ဘပြမြို့ထီး၊ သင်းကြီးအောင်လာ၊ သည်းချာဒေဝီ၊ သမီးဘီနှင့်၊ ယှဉ်မှီတကွ[၄]၊ ဓညရွှေပြည်၊ လာသည်အကြိုက်၊) ရက္ခိုက်ဂုမ္ဘာန်၊ ငဆဒ္ဒန်ဆိုး၊ ဘီလူးမျိုးကို၊ ကြိုးကာသတ်နွဲ၊ ထီးနန်းစံသည်။ ။ မောင်နှံနှစ်စုံ ဖူးတည့်လေ။ ။ ဖူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ ယှဉ်ဘော်တကွ၊ နှစ်စုံပလျက်၊ ဓညဝတီ၊ ပြည်သိဂီတွင်၊ ပြီသည်ရန်ဆူး၊ စုံဘီလူးကို[၅]၊ တွင်းတူးမလွတ်၊ အကုန်သတ်မှ၊ အထွတ်တည့် တင်သေး၊ လျှင်လျှင်ရှေး။ ။ **လေည်းယင်ယင်ဧ၊**

---

**၁၊ လျောက်အော်လှစ်-မ၊ ပ** **၂၊ မျိုးအကွင်းတိ-ပ (      )ပမှု၌မပါ**

**၃၊ ဆက်သမားဟု-င** **၄၊ ယှဉ်မှီတဝ-မ**

**ဆက်မသားဟု-လ** **၅၊ စုံးဘီလူးကို-လ**

*** *** *** *** ***

## အပိုဒ်(၇)

**ဧ. . . ၊ တော့ ကာကာ၊** မည်သာဓည၊ ပြည်မထိပ်ဖျား၊ သိကြားပေးနှင်း၊ လက်နက်ရင်း၍၊ ထိုမင်းမာရယု၊ တည်စပြုက၊ သားပုမြေးချယ်၊ စဉ်တကယ်တွင်၊ ငါးဆယ်လေးဆောင်၊ ဖြူရောင်ထွန်းလွန်၊ ကျိန်းခန်းကန်မှ၊ ဘေးမွန်ကြီး စွာ၊ ကံရာဇာလျှင်၊ ပဥ္စာနာရီ နတ်ဒေဝီနှင့်၊ တိမ်ဆီမိုးဆောင်၊ တောင်ကျောက်ပန်းတောင်း၊ နတ်တန်ဆောင်း၌[၁]၊ ပွဲကောင်းရင်ဘွဲ့၊ ထောင်ထားခဲ့သည်။ ။နှစ်ဆဲ့လေးနှစ်၊ ကြူးတည့်လေ။ ။ ကြူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ တမ်ပေါ်မြင့်ဆောင်၊ တောင်ကျောက်ပန်းတောင်း၊ နတ်တန်ဆောင်း၌၊ ပွဲကောင်းရင်ဘွဲ့၊ ထောင်ထားခဲ့သည်၊ နှစ်ဆဲ့ တည့်လွန်သွေး၊ နှစ်ပေါင်းလေး[၂]။ **လေည်း ယင်ယင်ဧ၊**

**၁၊ နန်းတန်ဆောင်း၌-မ** **၂၊ နှစ်ဆဲ့လေးနှစ်ကြူးတည့်လေး-ပ၊ င၊ ဝ၊ လ**

## အပိုဒ်(၈)

ဧ. . .၊ ဇလျက် ကျစ်လျစ်၊ စဉ်တရစ်တည့်[၁]၊ တလှစ်ယင်းက၊ သိကြားပြသား၊ ဧည၀တီ၊ သိင်္ဂီပြည်သာ၊ တည်တုံလှာ၍၊ ဆက်ကာလူ့ထိပ်၊ နှစ်ကျိပ်ရှစ်ယောက်၊ မင်းများနောက်တွင်၊ လက်အောက်အာဏာ၊ စကြာနန္တ၊ နေလမတူ၊ မဟူမြတ်မော[၂]၊ ဉာဏ်ရောင်ပျောလျက်၊ ရှင်စောဂေါတမ၊ ပွင့်လတ်ထသည်၊ ဘ၀သုံးထိပ် ဦးတည့်လေ။ ။ ဦးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ဂေါတမသို့၊ ဘ၀သုံးမည်၊ မဏ္ဍိုင်တည်သည်၊ ဉာဏ်ခြည်တည့်ရောင်ပြေး၊ ပတ်ကုံးမွှေး၊ ။ **လေည်း ယင်ယင်ဧ။**

---

၁။ စည်ထားရစ်တည့်-ပ ၂။ မယူမြတ်မော-မ။

*** *** *** *** *** ***

## အပိုဒ်(၉)

**ဧ. . .၊ ဧဧ ရင့်ရှူ၊** ပျိုးသည်မူလျက်[၁]၊ လူလခေါ်ကာ၊ မေတ္တာလည်းရှေး၊ ပျံ့မွှေးသာကြည်၊ နားတော်တည်လေ့၊ (လူးလည်မြတ်စစ်) ဧကရာဇ်တံခွန်၊ ဆဒ္ဒန်ဖြူဆွ၊ လွရရွှနှင့်၊ ဧည၀တီ၊ သိင်္ဂီရွှေပြည်၊ ဘုန်းတိစည်သား[၂]၊ အမည်သူရိယ၊ စန္ဒရာဇာ၊ မင်းသဒ္ဓါလျှင်၊ ထိုခါစိုးခိုက်၊ ရှင်တော်ကြိုက်၍၊ ရိုက်ရိုက်လဖိမ့်၊ အူသိမ့်ထက်ဝှန်၊ ပိတိမွှန်မျှ၊ တောင်းပန်သောခါ၊ မဟာမုနိ၊ ရှိသည်ယခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊ သိကြားမ၍၊ ပဥ္စလောဟာ၊ ရတနာဖြင့်၊ သွန်းကာမဖြစ်၊ ခုနစ်လက်ခွေ့၊ ကိုယ်ငွေ့တော်ယူ၊ တည်တော်မူမှ၊ ဘုန်းတူဘုန်းရှည်၊ ညီနည်ဘုရား၊ ကိုယ်တော်စားဟု၊ ထားခဲ့သောအား၊ သုံးပါးနတ်လူ ကိုးရာမူသည်။ ။ အယူရှိညွတ်နူးသးတည့်လေ။ ။ နူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ရှင်တော်ကိုယ်စား၊ ကိုးရာထား၍၊ သုံးပါးလူနတ်၊အားလုံးညွတ်သည်၊ အထွတ်တည့်မှန်သေး၊ နှိုင်းမဲ့ဝေး။ ။ **လေည်း ယင်ယင်ဧ။**

---

၁။ ဖြိုးသည်မူလျက်-မ။ (     )ပမူ၌မပါ။
၂။ ဘုံတိစည်သား-မ၊

*** *** *** *** *** ***

## အပိုဒ်(၁၀)

**ဧ. . .၊ တော့ ချီချ၊** တမြမြတည့်၊ ဧည၀တီ၊ သိင်္ဂီရွှေပြည်၊ ဘုန်းတိစည်သား[၁]၊ အမည်စန္ဒ၊ သူရိယချည်၊ ဆက်ကာတည်လျက်၊ သားစည်မြေးလျောက်[၂]၊ ငါးယောက်နှစ်ကျိပ်၊ ဖြူရိပ်ဖြန့်ဆောင်း၊ နှောင်းကားခါချိန် ကျိန်တတ်နတ်မွှန်၊ ညွှန်ပြလဘိ၊ ဝေသာလိ၀ယ်၊ ဇာတိဆဒ္ဒန်၊ မျိုးမှန်ဖြူလွဲ့၊ တဆဲ့နှစ်စီး၊ ကျော်သီးထိုခါ၊ ကျော်ထင်စွာသား၊ မဟာမည်လှိုင်း၊ တိုင်းစန္ဒရား၊ ကျောက်လှေကား၌၊ သိကြားနတ်ပေး၊ လေးနှင့်သန်လျက် လက်နက်လှံပျံ၊ စေစားခံ၍၊ နွံတခုံသောင်းနက်၊ ကိုးဆက်မင်းတိုင် တုတ်ခွန်လှိုင်၏၊ ရိုက်တိုင်ထန်ကြိုး၊ မိုးလည်းရတနာ၊ ရွာကာကာတည့်၊ မည်သာကျော်မွှန်း၊ ဥဒါန်းထောင်လွှား[၃]၊ စန္ဒရားဟု၊ ကြီးအားမြောက်စည်၊ ကိုးဆက်တည်သည်။ ။လူ့ပြည်ဘုန်းရှိန်စူးတည့်လေ။ ။ စူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ဘေးတော်စန္ဒရား၊ ကိုးဆက် အားကို၊ သိကြားပေးသ၊ လှံပျံ့လှနှင့်၊ မိုး၀ရတနာ၊ ရွာသည်ထန်ကြိုး၊ ကျော်လွှမ့်ဟိုးသည်[၄]၊ တန်ခိုးတည့်ပျံမွှေး၊ ကျွန်းလုံးသွေး။ ။ **လေည်းယင်ယင်ဧ။**

---

၁။ ဘုံတိစည်သား-မ ၂။ သားကြည်မြေးလျှောက်-ပ၊ င
၃။ ဥဒါန်းဆောင်လွှားပ-င ၄။ ကျော်လျှံဟိုးသည်-မ(     )လမူ၌မပါ၊

*** *** *** *** *** ***

## အပိုဒ်(၁၁)

**ဧ. . . ၊ ဧ သာဖျား၊** သိကြားပေးနှံ့။ စေစားခံသား၊ လုံ့ပုံ့လက်သုံး၊ ကိုးဆက်လုံးတွင်၊ အဆုံးစန္ဒရား၊ နောင်မင်းဖျားလျှင်၊ နှစ်ပါးဥာဏ်ထောက်၊ ရှေးနောက်မြော်မြင်၊ ဗေဒင်ကျမ်းဝါး၊ ဟူးရားညိုဟူ၊ ဟူးရားဖြူတို့၊ မြစ်မူမနိုင်၊ လှေခိုင်လှေကောင်း၊ လှေရံပေါင်းတည့်၊ ကိုးသောင်းပိတ်ထား၊ ရှေ့သွားနောက်တွဲ၊ ပင်လယ်ဝဲဝုတ်၊ မြစ်သမုဒ်ဖြင့်၊ တရုတ်ဥတည်၊ ပြည်သို့ကြွခါ၊ သန္တာဖူးနှစ်၊ ပစ်သည်ကွမ်းဘက်၊ မြင်ဘီလတ်က၊ ရေနတ်မင်းသွေး၊ နှောင်းမယ်ထွေးလျှင်၊ ရှေးခုနစ်ဖြစ်၊ အချစ်ဝါသနာ၊ ဆုံပေလှာကြောင့်၊ ပန်ထွာနှစ်ထောင်း၊ ဘကိုတောင်းသော်၊ အလောင်းပြန်ခါ၊ လင့်ရှာလဟူ၊ ချစ်နှစ်ယူသည်၊ ။ လွယ်ကူပန်းနှယ်ခူးတည့်လေ။ ။ ခူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ စားတော်ကွမ်းဘက်၊ မြင်ဘီလတ်က၊ ရေနတ်မင်းသွေး၊ အထွေးရောင်ကောင်း၊ ဘကိုတောင်းသည်၊ လင်ဟောင်းတည့်ပိုက်စက်ထွေး၊ ချစ်ငွေ့ရှေး။ ။ **လေည်း ယင်ယင်ဧ၊**

*** *** *** *** *** ***

## အပိုဒ်(၁၂)

**ဧ. . . ၊ ဧ တုံဘိ၊** ဟုတ်လိဝါးဝါး၊ တွေးယူမှားလျက်၊ နဂါးနှုတ်ထွက်၊ ခုနစ်ရက်သာ၊ နေခဲ့ကာတည့်၊ တခါလည်းကောင်း၊ အလောင်းလူ့ပြည်[၁]၊ ပေါ်လမည်ဟု၊ ဟူသည်စကား၊ ရှင်မထားလော့[၂]၊ ရှေးဖျားမင်းစစ်၊ ဓမ္မရာဇ်မတ်၊ ကိုယ်လွတ်ရှောင်ခွာ၊ လာလတ်ရာတွင်၊ မာန်ပါမျက်ပွား၊ မိဖုရားကြောင့်၊ ပြေးသွားခဲ့တုံ၊(မြုံဟဲရုံပြည်)တည်သည် ယခုမင်းရိုးပြု၍၊ ရှင်ဟုမကျိုး၊ ကျွန်စည်ရိုးကို၊ ရှင့်ဘိုးတော်မင်း၊ မွေးရှင်ရင်းလျှင်၊ လက်ငင်းခဏ၊ မကြာရတည့်၊ သားဘနှစ်းပါး၊ ခန္ဓာလားမှ၊ ထွားထွားယမန်၊ ပျက်ခဲ့ပြန်သည်။ ။ မာန်တော်မုန်သို့ ဆူးတည့်လေ။ ။ ဆူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ထော်လော်ကန့်လန့်၊ ရှင်မခန့်နှင့်၊ လိုလွန့်ကိုယ်ယုံ၊ မြုံဟဲရုံကို၊ ဆန်တုံတချက်၊ ရှင့်ဘိုးဖျက်သည်၊ အသက်တည့်သေရေး၊ ခန္ဓာဘေး။ ။ **လေည်း ယင်ယင်ဧ၊**

---

**၁။ အပေါင်းလူ့ပြည်-ပ ( )လမှု၌မပါ ၂။ ရှင်မကားလော့-င**

*** *** *** *** *** ***

## အပိုဒ်(၁၃)

**ဧ. . . ၊ လျှောက် သာန္တဲ၊** ပြောကာလွဲလိမ့်၊ ဝဲပင်လယ်မြစ်၊ နဂါးနှစ်၍၊ ရှိရစ်သောခါ၊ ပြည်ရွာတဖန်၊ မရောက်ပြန်ဟု၊ ပြင်းထန်ကြွေးဟစ်၊ ငိုယိုလစ်၍၊ လင်သစ်လင်သား၊ လင်မူထားကို၊ မျက်ဝါးရှုပျော[၁]၊ မောတုံတရေး၊ ရှင့်ဘေးခင်ဘွား၊ မိဖုရားကို၊ သွားသမည်အခါ၊ ရောင်ဝါလျှပ်လား၊ ပတ္တမြားခြည်၊ ဤသည်လက်စွပ်၊ ဘိုးခပ်ပြည်နှိုင်း၊ တိုင်းရွှေ့ကန်သူ[၂]၊ မင်းမြှောက်မူဟု၊ ဟူခဲ့နှစ်ထောင်း[၃]၊ ကြာမညောင်းတည့်၊ အလောင်းလင်လျှာ၊ တိုင်းကာရှာသည်။ ။ ထိုခါပြည် လုံးနူးတည့်လေ။ ။ နူးတည့်မှောညက်တော်၊ ဟုတ်တည့်သြော်၊ ထိုရော်အခါ၊ လင်မိန့်မှာကြောင့်၊ လင်လျှာလိုနှိုင်း၊ လက်စွပ်တိုင်း၍၊ ရနိုင်းတည့်ရှာမေး အပြည်သွေး။ ဧးလည်း ယင်ယင်ဧ။

---

၁။ လင်သစ်လင်လာ၊ လင်မူတာကို၊ မျက်နှာရှုပျော-ပ။

၂။ ဘိုးခပ်ပြည့်နှိုင်း၊ တိုင်းရှေတန်သူ-ပ။
ဘိုးခပ်ပြည့်နှိုင်း၊
တိုင်းရွှေ့ကန်သူ-မ။

၃။ ယူခဲ့နှစ်ထောင်း-မ။

*** *** *** *** *** ***

## အပိုဒ်(၁၄)

**ဧ. . . ၊ လျှော့က်စီရုံး၊** ပန်းနှယ်ကုံးဝိမ့်၊ ပြည်လုံးနှံ့မျှ၊ တိုင်းမရသော်၊ ဆားဝမီးထဲ၊ တောင်ယာပဲဝယ်၊ အမြဲနေပင်၊ မြို့တွင်ထင်ရှား၊ သင်းကြီးသသားလျှင်၊ ရည်သွားလုံးရပ်၊ စည်းကြပ်ကျစ်ကြော၊ ချောမောဆင်းရောင်၊ ညီနောင်သားဘ၊ သုံးယောက်ရ၍၊ အစတည်တုံ၊ အမြတုံနှင့်၊ တူစုံသားမောင်[၁]၊ ထီးနန်းဆောင်၍၊ နောင်တလစ်မူ၊ သားပဲဖျူနှင့်၊ ရိပ်ဖြူဆောင်းချုပ်၊ ပြည်ရွာအုပ်လျက်၊ တုန်လှုပ်မစွမ်း၊ ခဲယိုယွင်းတွင်၊ ရှမ်းကိုးသိန်းရှင်၊ သိုခင်ဘွားကြီး၊ (တောင်ရိုးစီး၍)၊ ဖျက်ဆီးလေခါ၊ တို့ရွာတကြိမ်၊ မင်းမဲ့တိမ်သည်။ ။ စည်းစိမ်မထွန်း ရှုံးတည့်လေ။ ။ ရှုံးတည့်မှောက်တော်။ ဟုတ်တည့်သြော်၊ ထိုရော်ရှမ်းများ၊ သိုခင်ဘွားလျှင်၊ ကြီးမားမာန်ပါ၊ ဖျက်ဆီးလှာ၍၊ ယင်းခါတချက်၊ ထီးနန်းပျက်သည်၊ အဆက်တည့်အရေး၊ ပြတ်လုသေး။ ။ **လေည်း ယင်ယင်ဧ။**

---

**၁၊ တူစုံသာပေါင်း-င ( )လမ္ဗု၌ မပါ။**

*** *** *** *** *** ***

## အပိုဒ်(၁၅)

**ဧ. . . ၊ ဧဧ ခုခု၊** မိမျက်ရှုကို၊ သိမှုထွေထွေ၊ မိခင်ရေပိမ့်၊ ပျက်ကြေ ကျိန်းခန်း၊ သိုက်နိဒါန်းလျှောက်၊ ရှမ်းမင်းဖျက်ထ၊ ထိုခေတ္တဝယ်၊ စူဠတ္လျှင်ငြား၊ စန္ဒရားဟု၊ သား၏သွေးဦး၊ စောရွှယ်လူးလျှင်၊ ကိုယ်ထူးခွာလှစ်၊ စစ်တန်းတင်တက်[၁]၊ သက်နှင့်ဘက်၍၊ သက်သဘောပင်၊ သက်မည်တွင်သား၊ ငမင်ငတုန်း[၂]၊ ဘုန်းလက်ရုန်းဆက်၊ စမ္ပဝက်၌၊ ဖြူရွက်ဖြန့်မိုး၊ နှင်းလာစိုးက၊ မိုးကြိုးကန်ဝယ်၊ စောင့်ဘန်နဂါး၊ သိကြားပေးသည်။ ပတောက်စည်၏၊ တီးမြည်သံကြောင့်၊ ပုဂံထက်ညက်၊ ရှမ်းလည်းပျက်၏၊ တိုင်းထက်ဆယ်ပြန်၊ တို့ပြည်လွန်သည်။ ။ တဖန်ကျွန်းလုံး မူးတည့်လေ။ ။ မူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ထင်ပေါ်တေဇ၊ စူဠတွင်ငြား၊ စန္ဒရား၏၊ သက်ထားလုလင်၊ သက်ငမင်လျှင်၊ ကြီးအင်ကြံစည်၊ မြို့ကြီးတည်၍၊ အမည်စမ္ပဝက်၊ ထီးနန်းတက်သည်၊ တိုင်းဆက်တည့်ကျော်သေး၊ ဘိုးခင်ဘေး။ ။ **လေည်း ယင်ယင်ဧ။**

---

**၁။ စစ်တန်းဆင်တက်-မ။ ၂။ ငပင်ငတုန်း-မ။**

*** *** *** *** *** ***

## အပိုဒ်(၁၆)

**ဧ. . . ၊ သေည် တချက်၊** စမ္ပဝက်၌၊ ဘုန်းခက်စည်ပြုံး[၁]၊ ဆယ်ယောက်ကျုံးတွင်၊ အဆုံးစွန်မှုး၊ မင်းဘီလူးကို၊ ကြံထူးလှည့်ပတ်၊ ပုန်ကန်သတ်၍၊ မတ်သခ်ယာ၊ မည်သာတချက်၊ ဝရောင်းငှက်လျှင်၊ သုံးဆက်ရွှေ့သာ၊ ပဥ္စာမြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ[၂]၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရွှေပြည်[၃]၊ ဆွေနှစ်မည်တွင်၊ မြင်သည်သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍၊ တလိုင်းတသိန်း၊ ပြူတသိန်းနှင့်၊ အောင်ကျိန်းခါချိန်၊ ပြက္ခဒိန်လျှောက်၊ ပရိန်မြို့သစ်၊ ထောင်လှာလစ်သည်။ ။ ချစ်နှစ်ပြည်သူ ရှုံးတည့်လေ။ ရှုံးတည့်မှောက်တော်၊ ပြုတ်တည့်သြော်၊ နှစ်ဘော်နှစ်ပါး၊ တူမပြားတည့်၊ ရှင်သားသွီး[၄]။ ဆွေဇနီးလျှင်၊ ပြည်ကြီးဝင်လှာ၊ တို့ချမ်းသာကို၊ ရှာသည်တည့်မြတ်လေး၊ မေတ္တာရှေး။ **လေည်းယင်ယင်ဧ။**

---

**၁။ ဘုန်းစက်စည်ပြုံး-မ ၂။ မင်းရဲပီရ-ပ ၃။ ကြွခဲ့ရွှေပြည်-မ ၄။ ရှင်အားသွီး-မ**

*** *** *** *** *** ***

## အပိုဒ်(၁၇)

**ဧ. . . ၊ ဧဧ သံကြား။** ကျူးကာဖြားပိမ့်၊ နားလည်းမယောင်၊ ရှင်မထောင်လော့၊ မောင်နှမရင်း၊ တသားချင်းတို့၊ မင်းမြှောက်သောခါ၊ ပါသည်များလှိုင်း၊ တလိုင်းနှင့်ပြူ နှစ်ပြည်သူတို့၊ သုံးလူထွတ်ချာ၊ မဟာမုနိ၊ တြိနာထော်၊ ရုပ်ရှင်ကျော်ကို၊ ပေါင်တော်ကျော့သား[၁]၊ ယူသောအားဖြင့်၊ နဂါးလည်းနှစ်၊ ပြန်ရစ်သောခါ၊ ပြည်ရွာလည်းပျက်၊ ခုထက်တိုင်ပင်၊ နူဝဲဖျင်လျက်၊ ရှင်ပင်ပြစ်ကြောင့်၊ ဖြစ်သတည်းဟု၊ သည်းသျှင်နှမ[၂]၊ နားတော်ခလော့၊ ဘဝလည်းဆုံး၊ ပျက်သုံးခန္ဓာ၊ သင်္ချာဝယ်၊ ပဋ္ဌာနန္တရိတ်၊ တဆိတ်မချွတ်၊ ခံလိမ့်မှတ်သည်[၃]။ ကျွတ်တည့်ကမ္ဘာ ကျူးတည့်လေ။ ။ ကျူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ပေါင်တော်ကျော့သား၊ လောဘအားကြောင့်၊ ယူကားယူမိ၊ မချိဒုက္ခ၊ ဘဝသင်္ချာ၊ ပဋ္ဌာနန္တ၊ ကံကြီးလှသည်၊ မြတ်စွာ့တည့်ရှင်ပင့်ဘေး။ ။ **လေည်း ယင်ယင်ဧ။**

---

**၁။ ဘောင်တော် ကြော့သား-မ ၂။ သည်းရှင်မခွ-မ ၃။တံဆိပ်မချွတ်၊ ခတ်လိမ့်မှတ်သည်-မ**

*** *** *** *** *** ***

## အပိုဒ်(၁၈)

**ဧ. . . ၊ ဧဧ သာနိုး။** အိပ်နာခိုးလော့၊ မင်းရိုးဆက်လှာ၊ မင်းလက်ျာ၏၊ သည်းချာစည်ရှည်၊ ငါးဆက်လည်တွင်၊ မည်ကောလိယ၊ မင်းမျှော့တံခွန်၊ ဘေးစောမွန်လျှင်၊ ဆဒ္ဒန်ဆင်ဖြူ ငွေတူလွလွ၊ ဆယ်စီးရ၍၊ နတ်သသခံ[၁]၊ လှံပျံစေကာ၊ ငန်းတာချချ၊ ဒီပပတ်ကုံး၊ မင်းအားလုံးကို၊ ပင့်ရုံးထံအောက်၊ အကုန်ရောက်မှ၊ ငရကောက်မော်၊ တောင်ကုန်းပေါ်ထက်၊ ရှင်တော်ရုပ်ကြီး၊ မဟာထီးကို၊ ကောင်းခြီးနတ်လူ၊ ဘဝင်ဆူမျှ၊ အလှူကောင်းမှု၊ တည်ထားပြုသည်။ ။ ဗဟုကုသိုလ်ကြူးတည့်လေ။ ။ ကြူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ မည်တော်ကောလိယ၊ မင်းဓမ္မလျှင်၊ ငရုကောက်မော်၊ တောင်ကုန်းပေါ်ထက်၊ ကုသိုလ်စက်သည်၊ ဘဝင်တည့်မမေ့၊ ဉာဏ်ရောင်ပြေး။ ။ **လေည်း ယင်ယင်ဧ။**

---

**၁။ နတ်ထသံခံ-လ**

*** *** *** *** *** ***

## အပိုဒ်(၁၉)

**ဧ. . . ၊ တော့ မယ်မိ၊** နားတော်ချိလော့၊ ကောလိယမင်း၊ အရင်းသည်းချာ၊ ဒသရာလျှင်၊ မဟာမုနိ။ ရှိသည်အကြောင်း၊ ပေါင်းလောင်မြို့ထီး၊ သင်ကြီးညွှန်ပြ ပုညကြီးထွေ၊ လွန်ရိုသေလျက်၊ ဝင်လေသက်ထက်၊ ထွက်ခဲ့သင်ထုတ်၊ ဂါဝုတ်ရှစ်မည်၊ ဗိုလ်ခြေစည်မျှ၊ အမည်ဧည၊ မြို့ချက်မဝယ်၊ အဂ္ဂတည၊ တောင်ပုအဖျား၊ ကန္နားပွဲကြီး[၁]၊ ရွှေတောင်ထီးသို့၊ ကျောင်းကြီးရွှေဂူ[၂]၊ တည်သည်မူကား၊ ဇမ္ဗူတကျွန်း၊ မင်းထက် ဝန်းတို့၊ တာငန်းချချ၊ လုပ်ရသောအား၊ ဘုရားမည်သာ၊ သာသနာဝယ်၊ ဓမ္မသောက၊ ဒသရာဇာ၊ ဤနှစ်ခါသည်။ ။ မျက်နှာမင်းချင်းဖူးတည့်လေ။ ။ ဖူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ရှေးသော်ဓမ္မာ၊ သက်ာယန၊ အာဒိယနှင့်[၃]၊ ဒသရာဇာ၊ လက်ထက်သာလျှင်၊ မျက်နှာကြည်ရွှင်း၊ ဘုန်းကြီးလျှင်းသည်၊ မင်းချင်းတည့်စုဝေး၊ မြင်ကြသေး။ ။ **လေည်း ယင်ယင်ဧ။**

---

**၁။ ကနားဘွဲ့ကြီး-လ ၂။ ကျောက်ကြီးရွှေဂူ-င၊ လ ၃။ ဟဒိယ-င၊ ဗျာဒိယ-လ**

*** *** *** *** *** ***

## အပိုဒ်(၂၀)

**ဧ. . . ၊ ဧဧ ပျပျ။** သားညီမကို၊ ချီချရေရွတ်၊ တတွတ်တွတ်လျှင်၊ ပျော်တတ်ရာရာ[၁]၊ အောက်မေ့ရှာ၍၊ နာနာလိုလို၊ ရင့်ကာဆိုလျက်၊ သံချိုသံခွန်း၊ ဆန်းဆန်းထူးထူး၊ မိခင်ကျူးအံ့၊ သားဦးသွေးခဲ၊ မိပုလဲကို၊ နရွဲနရူ၊ သူငယ်မူဖြင့်၊ အပူအဆာ၊ ငိုရှာမဲ့လျက်၊ ရွှေပုခက်ဝယ်၊ စုံမက်သနား၊ မိစကားကို၊ နားပါးသွင်းသွင်း၊ အိပ်ပါလျှင်းလော့၊ သတင်းတေဇ၊ နေတမျှသာ၊ (အာဏာထူးလှ)၊ ကျော်ပေါက်ပြလျက်၊ ဒသရာဇာ၊ ဘေးကြီးစွာလျှင်၊ အံ့အာလူဝယ်၊ မယုံဘွယ်တည့်၊ ခြောက်ဆယ်ဆင်ဖြူ ဗိုလ်လူမူကား၊ နွားလားသင်းစု[၂]၊ ခုနစ်ခုမွေး၊ အလေ့းအလှေ၊ ကုဋေဋေတိ၊ ခြေကစားတုံ၊ မီးသွေးပုံသည်။ ။မည်းကုံလက်ဖျားလူးတည့်လေ။ ။ လူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ဆိုသော်လူဝယ်၊ မယုံဘွယ်တည့်၊

ခြောက်ဆယ်ဆင်ဖြူ ဗိုလ်များလူကား[၃]၊ နွားလားခုနစ်၊ ရေလစ်မတတ်၊ ပုံယင်ခတ်သည်၊ မာရ်နတ်တည့်ဗိုလ်နှင့်ထွေး။
။ **လေည်း ယင်ယင်ဧ၊**

-----------------------------------------------------------------------------------------------

**၁။ ပြောတတ်ရာရာ-မ (   )ပမှု၍မပါ    ၂။ နွားလားပင်ထု-ပ    ၃။ ဗိုလ်များမူကား-မ**

*** *** *** *** *** ***

## အပိုဒ်(၂၁)

**ဧ. . .၊ဧပိမ့် ချီချ။** တမြမြတည့်၊ မင်းတရာ့သွေး၊ ဘွားတော်မြေး၏[၁]၊ ခင်ဘေးကျော်စွာ၊ ဒသရာလျှင်၊ ဓမ္မာသောက၊ ဒါနစုံမက်၊ ခုနစ်ရက်ဆုံး၊ လုံးလုံးဇမ္ဗူ လှူသောဟူ၍၊ သည်မူသော်ကား၊ ရှည်လျားတောင်တာ၊ သာသနာဝယ်၊ ခန္ဓာရောက်ပြန်၊ နိဗ္ဗာန့်သဘင်၊ ပွဲဆုံးရင်မှာ[၂]၊ ပန်းတင်ဟဲရုံ၊ မြုံကားတမြက်၊ ဆွမ်းချက်လုပ်ကျွေး၊ ကလေးမြက်နုတ်၊ သင်ပုတ်ပုဂံ၊ စရွံပုသိန်၊ လှူခန့်ချိန်ပြီး၊ ပရိန်မြို့ထက်၊ ရှစ်ဆက်စွန်ဖျား၊ မင်းဘုန်းစားကား၊ ဟူးရားကျမ်းလာ၊ လေးမြို့မှာသို့၊ အညာချိတ်မြို့၊ တည်လေတို့သည်။ ။ ရေကြို့မြစ်ကမ်း ဦးတည့်လေ။ ။ ဦးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ ဖန်ဆော်နှစ်လို့[၃]၊ သဲတောင်ပို့ဝယ်၊ ချိတ်မြို့သာစည်၊ ဘုန်းစားတည်သည်႟ရေကြည်တည့်ကမ်းမြေး၊ မော်ထောင့်ကွေး။
။ **ဧးလည်း ယင်ယင်ဧ၊**

-----------------------------------------------------------------------------------------------

**၁။ မူအားလုံး၌ မြေးတွင်ဆုံး၏၊ ၂။ပွဲဆုံးလျှင်မှာ-မ၊ ပွဲဆုံးကျင်မှ-ပ**
**၃။ ဖန်သော်နှစ်လို့-မ**

*** *** *** ***

## အပိုဒ်(၂၂)

**ဧ. . .၊ ဧပိမ့် တခြင်း။** ထိုမြို့တွင်းဝယ်၊ သုံးမင်းတွင်လှာ၊ ကြမ္မာကုန်လတ်၊ မတ်စလင်ဗိုလ်၊ ငြိုးသိုရန်ခင်း၊ ပုန်ကန်လျှင်း၍၊ တင်းခဲ့တချက်၊ စမ္ပဝက်၌၊ အသက်သုံးနှစ်၊ ခန္ဓာပစ်မှ၊ တိုင်းချစ်တွင်မည်၊ စိုးမင်းသည်ကို၊ ပြည်၌ဗိုလ်လူ၊ ကြိုက်မူသနား၊ ရှင်ရိုးသားဟု၊ မြှောက်စားစီရင်၊ ဘိသိက်တင်မှ၊ ထိုတွင်မထောင်၊ တောင်၏တူရှု၊ မြို့တောင်ငူ၌၊ တည်မူစဉ်လျက်၊ ဆယ့်ခြောက်ဆက်တွင်၊ မြို့သက်ကုန်ပြီး၊ မြစ်ကြီးကူလျက်၊ မြစ်နောက်ဘက်ဝယ်၊ လောင်းကြက်မည်ခေါ်၊ မြို့သာကျော်ကို၊ အလော်မာဖြူ တည်လတ်ထူသည်။ ။ အယူကြံတည့် လူးတည့်လေ။ ။ထူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ အလော်မာဖြူ မြို့တောင်ငူက၊ ကြံယူစူးစူး၊ လောင်းကြက်ကူး၍၊ အထူးမြို့မွန်၊ တည်လတ်ထွန့်သည့်၊ ရန်မာန့်နည့်တုန်း၊ ကြောက်တင်းမေး။ ။ **ဟလည်း ယင်ယင်ဧ၊**

*** *** *** ***

## အပိုဒ်(၂၃)

**ဧ. . .၊ ဧပိမ့် သံချော၊** မိမြုတေကို၊ စေ့ရေမိခင်၊ ပြောပါချင်အံ့၊ ဘေးခင်ကြီးစွာ၊ အလော်မာလျှင်၊ တည်လှာလောင်းကြက်၊ ထိုမြို့ထက်၌[၁]၊ ဖြူရွှက်ဖြန့်ကျူး၊ ခြောက်ယောက်ဆုံးတွင်[၂]၊ တရှုံးကြံသီး၊ နန်းကျကြီးကား၊ မီးထက်မက၊ ပြည်ပပြည်တွင်း၊ ဒါးတစင်းမျှ[၃]၊ မရှိရတည့်၊ ကျနကောက်ငင်၊ ပူဆာအင်နှင့်၊ ဆွေလင်နှစ်မည်၊ အိမ်ထောင်ချည်သား၊ စည်သဘင်ကြးသမီးလှစွာ၊ ဖန်နီလာကို၊ အာသာငက်ငက်၊ လောဘမက်၍၊ ရက်ရက်ယူပြီး၊ မတ်ကြီးခေါင်ဖျား၊ ဘနှစ်ပါးတို့၊ ငြိုးထားကြီးစွာ၊ ဖျက်ဆီးရှာသည်။ ။ မိစ္ဆာကျင့်ညစ်ညူးတည့်လေ။ ။ ညူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ မတော်ကျင့်ညစ်၊ ကြင်ချစ်လင်မှီး၊ ဇနီးသည်းလျှာ၊ ဖန်နီလာကို၊ ခွာ၍ယူပြီး၊ မတ်ကြီးနှစ်ဆူ၊ ဘကိုမူလည်း၊ အပူအဆာ၊ ဖျက်ဆီးရှာသည်၊ မိစ္ဆာတည့်မှောင်ထက်မှေး။ ။ **ဧးလည်း ယင်ယင်ဧ၊**

-----------------------------------------------------------------------------------------------

**၁။ ထိုမြို့ဆက်၍-မ**
**၂။ မူအားလုံး၌ ဆယ်ယောက်ဆုံး၊ ရာဇဝင်နှင့်မညီချေ၊**
**၃။ မူအားလုံး၌ မီးတစင်းမျှ-ဟု ပါသည်၊**

*** *** *** ***

**အပိုဒ်(၂၄)**

**ဧ. . .၊ ဧပိမ့် ပြတ်ပြတ်။** ကျူးရေရွတ်အံ့၊ ထိုမတ်နှစ်ပါး၊ ငြိုးသိုထား၍၊ ဆေးဝါးမန္တန်၊ တတ်ပွန်အနှီ၊ ဇော်ဂီဝိဇ္ဇာ၊ ပညာစီရင်၊ ဘယ်သူသင်ထား၊ ရှင်ငယ်စိတ္တာ၊ နာရဒကို၊ မိဖုရားပြစ်[၁]၊ ရလစ်မသတ်၊ ဆရာမှတ်၍၊ ကြည်ညွတ်ရိုသေ၊ တောင်းပန်လေမှ၊ ထွေထွေလာလာ၊ နာနာရုပ်ဟန်၊ ဘန်ဘန်ဆင်းဆင်း၊ လိုက်လေလျှင်း၍၊ လွတ်ခြင်းမထင်၊ ဂူထဲဝင်လျက်၊ ရှင်တော်ရုပ်တု၊ ကိုယ်တော်မူတွင်၊ ပြုသည်သစ္စာ၊ အဓိဋ္ဌာကြောင့်၊ ယင်းခါကဝယ်၊ မြောက်စားနွယ်၍၊ နှစ်ဆယ်နှင့်ဒွေး၊ နန်းထက်ဝေးမှ၊ ရှင့်ဘေးတော်မင်း၊ ရှင်ရင်းတွင်သာ၊ သွေးလက်ျာမူ၊ ကြေရှာဟူသည်[၂]။ ။ နတ်လူအံ့မိန်းမူးတည့်လေ။ ။ မူးတည့် မှောက်တော်၊ ဟုတ်တည့်ဩော်၊ ရေသော်နှစ်ကျိပ်၊ ဖြူရိပ်ဖွေးဖွေး၊ နှစ်ယောက်ဝေးမျှ၊ ရှင့်ဘေးတော်ချစ်၊ မင်းခေါင်ဖြစ်မှ၊ ကြေလစ်တည့်လက်ျာသွေး။ ။ **လေည်း ယင်ယင်ဧ။**

---

၁။ မိဖုရားဖြစ်-မ ၂။ ရှည်ကြာဟူသည်-မ

*** *** *** ***

**အပိုဒ်(၂၅)**

**ဧ. . .၊ ဧပိမ့် စည့်ကွင်း[၁]။** မကောင်းခြင်းဖြင့်၊ ထိုမင်းနှင့်သား၊ နှစ်ပါးစုံလွန်၊ နှောင်းဆုံးစွန်တွင်၊ ကောင်းမွန်ယည်ချို၊ လောင်းဗေဓိဟု၊ ဇာတိမချွတ်၊ လူနတ်ဝဲ့ခြီး၊ ဘုရားထီးကား၊ ထွန်းညီး မည်တော်၊ ဘွားလတ်သော်တည့်၊ နုဘော်တေဇ၊ ဘ၏လက်နက်၊ သန်လျှက်တောက်ရောင်၊ နန်းလုံးပြောင်မျှ၊ ကောင်းခေါင်ခြင်းရာ၊ သားကြောင့်ငါကား၊ ခန္ဓာအသက်၊ တိုအံ့လျက်ဟု၊ ပုခက်နှင့်ရစ်၊ ရေဝယ်ပစ်လည်း၊ မနစ်ထိုရော်၊ စက်ဝန်းပေါ်သို့ ပူဇော်နတ်တို့၊ ကျွန်းလုံးကြို့၍၊ လေးမြို့တဖန်၊ လျှိုလေပြန်မူ၊ ပူပန်ဝမ်းပါး၊ မိဖုရားနှင့်၊ မတ်များမတ်ဗိုလ်၊ ပြည်လုံးဟိုလျက်[၂]၊ ဘကိုပယ်လစ်၊ ခုနစ်နှစ်က၊ ရိုချစ်ကြည်လင်၊ ထီးနန်းတင်သည်။ ။ ရွှေစင်သန္ဓေ ဖူးတည့်လေ။ ။ ဖူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ မယ်တော်ကစ၊ မတ်ထိုမျှတို့၊ ဘကိုပယ်လစ်၊ ခုနစ်သက်နီး၊ ပျိုမကြီးက၊ မင်းထီးမည်ခေါ်၊ ဘေးလောင်းတော်ကို၊ ပူဇော်လူနတ်၊ အားလုံးညွတ်သည်၊ အထွတ်တည့်တင်သေး၊ ပွဲစုဝေး။ ။ **လေည်း ယင်ယင်ဧ။**

---

၁။ ဧပိမ့်စည်တွင်း-ပ ၂။ မြစ်လုံးဟိုလျက်-လ

*** *** *** ***

**အပိုဒ်(၂၆)**

**ဧ. . .၊ ဧပိမ့် သံခြေ၊** စေ့စေ့ ရေလျက်၊ မြဲထွေကျင့်သုံး၊ နှလုံးမလစ်၊ မင်းဖြစ်သုံးဆယ်၊ သုံးနှစ်ဝယ်တွင်၊ ကြီးကျယ်တိုင်းကား ဝန်းလျားကျေညာ၊ မြန်မာတလိုင်း၊ ရှမ်းသာလှိုင်းလျက်၊ သက်ရိုင်းနှင့်မြဲ၊ ဉသံမှောင့်ရောင့်၊ စိတ်ဝမ်းနှောင့်မျှ၊ ထောင့်ထောင့်ပုန်ကန်၊ ထိုရန်မာန်ကို၊ တွန်းလှန်လိုက်မည်၊ စီးပွားရည်ကြောင့်၊ ထိုသည်မင်းထီး၊ ဘေးမင်းကြီးကား၊ ပုတီးလက်ဖျင်၊ ဘုရားတင်လျက်၊ သို့စင်ဆန်းကြူး၊ စစ်မြေမှူးမျှ၊ သုံးဦးတပ်မင်း၊ သုံးသင်းစစ်ခြေ၊ ဖြဖြစေ၍၊ အောင်မြေဖြစ်ဖြစ်၊ လက်ရုံးထစ်ခဲ့၊ ငယ်ဖြစ်ပျော်မွေ့[၁]၊ အိမ်ရှေ့ခုနစ်၊ ပစ်တုံနန်းမ၊ တရာ့ခြောက်မည်၊ နန်းသက်ရှည်သည်။ ။ နတ်ပြည်ဘဝဂ် ကြူးတည့်လေ။ ။ ကြူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ ငယ်သော်ခုနစ်၊ အိမ်ရှေ့ဖြစ်ကို၊ ပစ်၍ရေသော်၊ ရွှေနန်းတော်ထက်၊ သက်တော်တရာ့၊ ခြောက်နှစ် ပသည်၊ ဘဝတည့် နတ်ပြည်ရှေး။ ။ **လေည်း ယင်ယင်ဧ။**

---

၁။ ငယ်ချစ်ပျော်မွေ့-မ

*** *** *** *** ***

## အပိုဒ်(၂၇)

**ဧ. . . ၊ ဧပီမ့် သာခွန်း၊** အဆန်းဆန်းတည့်၊ စီတန်းကောင်းကင်၊ မိုးသက်တင်သို့၊ တမျှင်မကျိုး၊ ရှင့်ဘေးဘိုးကား၊ နန်းရိုးငင်ငင်၊ သာကီဝင်၏၊ နွယ်လျှင်မပျက်၊ မျိုးသာဆက်ခဲ့၊ လောင်းကြက်တွင်မူ၊ ရိပ်ဖြူဖွေးဖွေး၊ တဆယ့်လေးဝယ်၊ ခင့်ဘေးဆုံးစွန်၊ မင်းစောမွန်လျှင်၊ တရန်တထောက်¹၊ ကျိန်းခန်းလျှောက်ဖြင့်၊ နောက်သူရတန်၊ ပဋာန်မင်းနေ၊ ပြေးရှာချေ၍၊ ပြန်လေတခါ၊ မြို့ကောင်းရာကို၊ ရှာလေအကျော်၊ ရေးကြီးမြော်သည်၊ ။ မြင်တော်လေသို့ ဟူးတည့်လေ၊ ဟူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ထိုရော်တဖန်၊ ဘေးစောမွန်လျှင်၊ ရောက်ပြန်တုံလျက်၊ မြို့လောင်းကြက်ကို၊ မြို့သက်ကုန်၏။ မနေတည့်ဟု၊ မြော်ကြည်စာနာ၊ မြို့ကောင်းရာကို၊ ရှာသည်တည့်စည်ရှေး၊ နောင်လာရေး၊ ။**လေည်း ယင်ယင်ဧ၊**

---

၁၊ တန့်ရန်တထောက်-င၊ လ

*** *** *** *** ***

## အပိုဒ်(၂၈)

**ဧ. . . ၊ ကော ရှင့်ဖျော်၊** မိမယ်တော်ကို၊ အိပ်ပျော်စေကြောင်း၊ မိန့်ပြန်ရှောင်းအံ့၊ မြို့ကောင်းရာကို၊ ရှာသည်မှုကား၊ လေးဆူဟူးရား၊ သိကြားစက်ပင်၊ ဗေဒင်ရှင်တို့၊ ရှေ့တင်ကြပ်တည်း၊ စနည်းနှင့်တိတ်၊ နိမိတ်နာခိုး၊ အကျိုးမြော်ထွေ၊ စုံရှာဘွေသော်၊ ကမ်းခြေနှစ်ကွဲ၊ လူခပဲတို့၊ နတ်ညဲစံသီး၊ သမီးယောက်မ၊ ငါးသုံ့ကြ၍၊ ချီချခေါ်ထူး၊ ပျံ့တပျူးလျှင်၊ မြောက်ဦးဝသဲ၊ ဖန်တလဲတည့်၊ ခေါ်ဆဲဆဆည်တွင်၊ ပျောက်ခဲ့ကျင်သော်၊ ထိုတွင်ချိန်ထောက်၊ ရှုလမြောက်က၊ ချောဟောက်သံကြား၊ ကျားကားလန့်ရှောင်¹၊ ကြောင်မူပြေးထွက်၊ ကြွက်ကားလိုက်ထွေ၊ မြွေကိုဘားနိုင်၊ နတ်မှူးညွှန်ပြ၊ နန်းရာရသည်။ ။ ဘုမ္မနက်သန် ထူးတည့်လေ။ ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ မြော်တုံဘရင်း၊ အောင်ခြင်းရန်နိုင်၊ မြို့ချက်တိုင်ဟု၊ ရခိုင်မှန်ဖူး၊ မြောက်ဦးမည်သာ၊ ဘုမ္မချာသည်၊ နန်းရာတည့်ရှာရွှေး၊ ခန့်တွက်တွေး။ ။ **လေည်း ယင်ယင်ဧ၊**

---

၁၊ ဘားကားလန့်ရှောင်ဟု မူအားလုံး၌ ရှိသည်၊

*** *** *** *** ***

## အပိုဒ်(၂၉)

**ဧ. . . ၊ လေည်း တော့၊** တစုံမက်မက်၊ ခေါ်စိုက်စက်လျက်၊ ဆက်ဆက်လွှန်လေ၊ အထွေထွေတိ၊ မရေနိုင်ဘဲ၊ ဝမ်းလျှင်ကွဲမျှ၊ သည်းထဲပူပန်၊ ဝှန်တုံကြက်သီး၊ ဘေးကြီးဘေးလျှင်၊ ဖျင်မျှပြည့်လှိုင်၊ အဆိုင်ဆိုင်တည့်၊ ရခိုင်မည်သာ၊ မဟာသမတ၊ ခတ္တိယာ၏ ဆက်မှတသွယ်၊ အနွယ်ကိုပ၊ နေလပုံခင်း၊ ထွန်းပလျှင်းဟု၊ သတင်းစကား၊ နာသာများနှင့်၊ ထံပါးတဘော်၊ သားကိုဖျော်၍၊ မယ်တော်ရှင်မ၊ ကျူးပါကလျှင်၊ နားဝဆိမ့်ဆိမ့်၊ နားနှစ်သိမ့်လျက်၊ ငြိမ့်ငြိမ့်စက်တော်၊ ခေါ်ပါတုံမှုံ၊ စိတ်ပျံ့လှိုက်လှဲ၊ နရွဲနရူ ဘယ်သူမူနည်၊ မိခင်သည်ကြောင့်၊ တလည်ရေတူ၊ ယိုလျက်မူသည်¹။ ။ သည်းအူမိဝမ်းနူးတည့်လေ။ ။ နူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ပျော်တုံမြတ်လေး၊ အိပ်မွေ့ဆေးဟု၊ ရှင့်ဘေးခင်သား၊ ဖြစ်ကြောင်းလျားကို၊ ဝမ်းပါးရူတ၊ နားအီလှလျက်၊ ရှင်မတည့်စက်ရေး၊ ခေါ်ဘိသေး²။ ။ **လေည်း ယင်ယင်ဧ၊**

---

၁၊ သို့လျှင်မူသည်-မ ၂၊ ရှင်မတည့်စက်တော်ခေါ်ဘိသေး-မ၊ လ၊ င၊ ပ၊

*** *** *** *** ***

## အပိုဒ်(၃၀)

**ဧ. . . ၊ လျောက် မပြတ်၊** ဘေးလတ် ဘေးကြီး၊ ဖျင်ညီးလွှန့်လေ၊ အထွေထွေတိ၊ သပြေညွှန့်ဖူး၊ မြောက်ဦးမြို့မ၊ အစတည်ထွန်း၊ မင်းစောမွန်ကား¹၊ နိဒါန်းကျင့်ထူး၊ ပွင့်ဖူးနွယ်မြစ်၊ ကိုးနှင့်တစ်တွင်၊ စင်စစ်မမှား၊ ငါးပါးလှူကြီး၊ စွန့်ခဲ့ပြီးစွာ၊ ခန္ဓာတော်သက်၊ ကိုယ်ထင်လျက်တည့်၊ ချိန်းချက်ပြိုင်းခိုင်း၊ ပြည်နှင့်နိုင်း၍၊ ထင်တိုင်းနာနာ၊ နောင်လာရှည်လျား၊ မျိုးလေးပါးတို့၊ စီးပွားမည်သာ၊ ကြိုက်ကောင်းပါ၏၊ ငါသာအသေ၊ ဆုံးပစေဟု၊ လေးထွေလေးပါး၊ နတ်ဟူးရားတို့၊ မြို့ကားထောင်ပွား၊ မင်းကားသက်တို၊ မြင်တိုင်းဆိုသည်၊ တို့ကိုမနှစ်၊ မင်းကောင်းဖြစ်ဖြင့်၊ အသစ်ရွှေပြည်၊ မြို့ကောင်း

တည်သည်။ ။ ရှစ်မည်ရန်သူ ရှုးတည့်လေ။ ။ ရှုးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ လောင်းတော်စောမြတ်[2]၊ အထွတ်ရန်လှစ်၊ ဓမ္မရာဇ်ကား၊ ကြည်ချစ်နှစ်လို့၊ ထောင်ကျိန်းမြို့ဟု၊ သူတို့ကိုသာ၊ သက်မေတ္တာကို၊ ရှာသည်တည့်မဝေး၊ နောင်လာရေး။ ။ **လေည်းယင်ယင် ။**

---

**၁။ မင်းစောယွန်းကား-င၊ လ**

**၂။ လောင်းတော်ဗောဓိမြတ်**

***** *** *** *** *****

**အပိုဒ်(၃၁)**

**။ . . . ၊ တော့ တခြင်း၊** စကြာမင်းတို့၊ နေခင်းထိုက်ရာ၊ လက်ျာရစ်ဆက်[1]၊ ဘုမ္မနက်၌၊ ရေတွက်သက္ကရာဇ်၊ ခုနစ်ကိုးဆယ်၊ စွန်းဝယ်နှစ်သော်၊ လတော်သလင်း၊ လျှံဝင်းထွန်းညီ၊ ရဝိနေထွက်၊ ဆန်းတရက်ဝယ်၊ ကန်လင်္ဂကန်စန်း၊ မြို့နှင့်နန်းကို၊ ကျိန်းခန်းစင်စစ်၊ တည်တုံလစ်၍၊ သုံးနှစ်ခန္ဓာ၊ ပြောင်းမည်ခါလည်း၊ မင်္ဂလာလောင်း၊ မင်းကောင်းဝေသန်၊ မတန်တို့သာ၊ လွန်ပေကာတည့်၊ သည်းချာနှစ်ဦး၊ ပြည်မှူးအကုံ၊ ငယ်သေးတုံ၍၊ ဥသုံဗိုလ်လှေ၊ စီးပွားရေးကြောင့်၊ မြတ်လေးလွန်ကြင်၊ ညီတော်ခင်ကို၊ လက်ငင်ရွှေနန်း၊ တင်မည်မှန်သည်။ တောက်ထွန်းဥာဏ်တော် ရှုးတည့်လေ။ ။ ရှုးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ လေးဘော်မျိုးစု၊ ကျိုးကောင်းမှုကြောင့်၊ မရှုစီးပွား၊ သားနှစ်ပါးကို၊ ပယ်ထားတုံပြီး၊ ညီတော်ကြီးအား၊ ရွှေထီးတည့်နီတွေး၊ ဆောင်းနှင်းပေး[2]။ ။ **လေည်းယင်ယင်။**

---

**၁။ လက်ျာရစ်ဘက်-မ** **၂။ ရွှေထီးတည့်ဆောက်နှင်းပေး- မ၊လ၊င**

***** *** *** *** *****

**အပိုဒ်(၃၂)**

**။ . . . ၊ ကော ကျူးပိမ့်၊ မြောက်ဦးဒီပ၊ နန်းသိဂ်**ကို၊ စည်စ ထိုရော်၊ ဘေးသူတော်နှင့်၊ တဘော် နှောင်းမွေး၊ ဘေးညီထွေးက၊ လုပ်ပေးကြံသင်၊ မိခင်အတူ၊ ပြည်သူတို့အား၊ ရွာတိုင်းကားကို၊ ထွန်သွားတကြိုက်၊ ကောက်စိုက်တကြိမ်၊ မတိမ်စေလျှင်း၊ ကိုယ်တိုင်ယင်း၍၊ ကင်းသင်းလွတ်လစ်၊ သုံးနှစ်ရင်ပေ၊ မြေကြီးမခံ[1]၊ လုပ်ကြံစေပြီး၊ ကျိုးတသီးနှင့်၊ ဆင်စီးမြင်းတက်၊ မြို့လယ်ထွက်သော်၊ ပုခက်တွင်းသူ၊ လူသူငယ်အား၊ ငိုသံကြားက၊ သင်းကားငိုဘိ၊ သင့်မိဘယ်သို့၊ ရှိလေတို့ဟု၊ မုံ့ပို့နို့ကျွေး၊ ကြေးငွေပေးလျက်၊ မြတ်လေးလွန်ကြင်၊ မင်းလိခင်ကား။ ။ မြက်ပင်ကောင်းကျေးဇူးတည့်လေ။ ။ ဇူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်ဘြာန်ဆော်မစ၊ ရွာတိုင်းကြွ၍၊ မိဘသဘွယ်၊ ယာလယ်ချောင်းရေး၊ ယင်းဘေးကင်းလွတ်၊ ငိုလတ်သံကြား၊ သူငယ်အားကို၊ မုံ့စားစေဘို့၊ နို့စို့ခပေး၊ မြတ်လေးချစ်ခင်၊ သနားကြင်သည်၊ တူပင်တည့်တပြေး၊ ရင်တော်သွေး[2]။ ။ **လေည်း ယင်ယင်။**

---

**၁။ မြေကြီးမယံ-ပ** **၂။ တူပင်တည့်ရင်တော်ေ သွး-လ၊င၊မ၊ပ**

***** *** *** *** *****

**အပိုဒ်(၃၃)**

**။ . . . ၊ ကော သံချို** လွှဲကာဆိုပိမ့်၊ ထိုဘဝရှင်၊ မင်းလိခင်ကား၊ ရင်ခွင်ပိုက်နှော၊ ဘစောမင်းဖြူ သားသည်မူလည်း၊ သူတော်ဇာတိ၊ မရှိလေအောင်၊ ဆင်ပြောင်တန္ဆူး၊ တက်ပြုံးအားအန်၊ စွမ်းသန်ရဲရက်၊ မောင်းလက်ကျန်းတော[1]၊ ကြိမ်ကြိမ်မောလည်း၊ ကြောလေးကမန်၊ ကျင်လေဟန်လည်း[2]၊ ပစ်မှန်လေရာ၊ တထွာသံထု၊ နှစ်ခုဗိုလ်ဝက်၊ ဝင်ထွက်သမျှ၊ ခန့်တိုင်းကျ၏၊ ရှင့်ဘပျော်ပါး၊ ကစားခလို၊ ချစ်ကြည်ညိုဖြင့်၊ မင်းကိုယ်လုပ်များ၊ နားတွင်းကြားဝယ်၊ မသွားစေရက်၊ မထွက်စေဘဲ၊ တွဲလွဲနားဝယ်၊ ဝက်သည်နှယ်သို့၊ ပစ်ရွယ်စလျက်၊ နေ့တိုင်းပက်လျှင်၊ သရက် ချိုကောင်း၊ တသောင်းမလောက်၊ ခွန်အားမြောက်သည်၊ ရွံ့ကြောက်ပြိုင်သူ မူးတည့်လေ။ ။ မူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ရွယ်တော်မှန်ပစ်၊ ထံတော်နှစ်ဝယ်၊ ချစ်သွယ်ဝန်ချုပ်၊ ကိုယ်လုပ်တော်ပေါင်း၊ မြားနားတောင်းကို၊ တင့်ကြောင်းပန်သည်၊ အလွန်တည့်ပျော်ပါးရေး၊ မျှားလှသေး။ ။ **လေည်း ယင်ယင်။**

---

**၁။ မောင်လင့်ကြမ်းတော။** **၂။ ကျင့်လေဟန်လည်း-မ**

## အပိုဒ်(၃၄)

**ဧ. . . ၊ လျော်က် ရင့်ရှု** ဘစောဖြူ၏၊ လွန်မူတေဇာ၊ ဘုန်းပညာကို၊ ထင်ပါတရံ၊ နတ်တို့ကြံဖြင့်၊ နိုင်ငံမင်းပေါင်း၊ စတေးကောင်းမြေ၁၊ တိုင်လေသောခါ၊ ထိုကပါသား၊ မြန်မာရဲမက်၊ ဆင်းသက်ဟူးဟူး၊ ချောင်းဝယ်ကူးသော်၊ ရိုင်းရူးမိစ္ဆာ၊ ဗင်္ဂါကုလား၊ မြုံသက်သားနှင့်၊ သုံးပါးလုံးပြည်၊ ပုန်လတ်သည်ကြောင့်၊ သန်ရှည်တဖြူး၂၊ နန်းတော်ဦးက၊ ကမြူးပဇ္ဇုန်၊ ခွင်းခုန့်ဟန့်ရိပ်၊ တဆွန်သိပ်လျက်၊ နှစ်ကျိပ်ရှစ်ယောက်၊ ဘုံခြောက်သူရုပ်၊ ကိုယ်လုပ်ပွမ်းပွမ်း၊ လှယ်ကာကမ်း၏၊ လှမ်းကာယူကွန်၊ ပစ်နှင့်ကန်က၊ မြှားချွန်ငါးထောင်၊ ကုန်လျှင်အောင်တွင်၊ သူကောင် တသောင်း၊ ဆင်ကောင်း ခြောက်ဆယ်၊ အစွယ်မြီးခင်း၊ မြင်းကားခြောက်ရာ၊ လဟာပြင်ဝှမ်း၊ သူကောင်မွမ်းမျှ၊ ရဲစွမ်းလွန်လှ၊ ကျွန်းဒီပဝယ်၊ မရနှစ်ဆူ၊ ဘစောဖြူသည်၊ လွန်မူသတင်းထူးတည့်လေ။ ။ ထူးတည့်မှောက်တော်၊ ဟုတ်တည့်သြော်၊ ထိုရော်ခါမူ၊ ဘစောဖြူကို၊ ဇမ္ဗူပတ်ကုံး၊ မင်းအားလုံးတို့၊ တက်ပြုံးရန်ဆောင်၊ ထောင်သည်ထားဘိ၊ ကြားကာ မိုးစွန်၊ ကြက်သီးဝှန် သည်၊ နှိုင်းတန်တည့်ပြိုင်ဝေး၊ ကြောက်ရွံ့သေး။ ။ **လေည်း ယင်ယင်ဧ။**

---

၁။ တေဇကောင်းမြေ-ပ ၂။ တန်ရှည်တမူး။

*** *** *** *** ***

**ရခိုင်မင်းသမီး ချောင်း ပြီး၏။**